#ဘရာသာရ်ကြီးပါစကား(SFX)၏အတ္ထုပ္ပတ္တိ

ဘရာသာရ်ကြီးပါစကား၏ အတ္ထုပ္ပတ္တိ အပြည့်အစုံကို ဖော်ပြပါအံ့။ ဘရာသာရ်ကြီးပါစကားသည် ဖခင်အာရောကီနှင့်အမိဒေါ်လူစီယားတို့၏ တစ်ဦးတည်းသောသားဖြစ်ပြီး ၁၉၁၄-ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် မြောင်းမြမြို့အနီးရှိ တုံးလုံ့ရွာကလေးတွင် မွေးဖွားခဲ့ပါသည်။၏

ဘရာသာရ်ကြီး၏ငယ်နာမည်မှာ ဂျွန်မောင်ညွန့်-ဒွန်းဘာဟု ခေါ်ပါသည်။ သူ၏ဖခင် အစိုးရအမှုထမ်း ဆေးစစ်ချုပ် (Compounder) တစ်ဦးဖြစ်ပြီး တာမဲလ်လူမျိုးဖြစ်ပါသည်။ ၁၉၂၇ - ခုနှစ်၊ ဇွန်လ၌ ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူဆေးရုံတွင် ကွယ်လွန်ခဲ့ပါသည်။ မိခင်ဒေါ်လူစီယားသည်လည်း ဆေးဆရာမတစ်ဦးဖြစ်ပြီး ပိုးကရင်တိုင်းရင်းသူ တစ်ဦးလည်းဖြစ်ပါသည်။ သူသည် ၁၉၁၄-ခုနှစ် နိုဝင်ဘာလကတည်းက မြောင်းမြမြို့တွင် ကွယ်လွန်သွားခဲ့ပါသည်။

ဘရာသာရ်ကြီးမိခင် ကွယ်လွန်စဉ်ကပင် အဒေါ်တို့နှင့်အတူနေထိုင်ကာ ၁၉၂၀-ခုနှစ်တွင် မြောင်းမြမြို့ နှစ်ခြင်းခရစ်ယာန်အသင်းတော်ကျောင်း (ယခု-အမှတ်(၆)အထက်တန်းကျောင်း)တွင် မူလတန်းပညာကို သင်ကြားရန် အဒေါ်တို့မှ ပို့ဆောင်သဖြင့် ဒုတိယတန်းနှစ်အထိ နေခဲ့ရပါသည်။ ဒုတိယတန်းအောင်မြင်ပြီးနောက် မြောင်းမြမြို့ အာရ်စီအမ်ကျောင်း(ယခု-အမှတ်(၃) အထက်တန်းကျောင်း) တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ၎င်းကျောင်း၌ ၁၉၂၇-ခုနှစ်တွင် သတ္တမတန်းပညာကို အောင်မြင်ခဲ့ပါသည်။

သတ္တမတန်းပညာအောင်မြင်သောနှစ်မှာပင် မော်လမြိုင်(Seminarian) ဆေမီနာရီကျောင်းတွင် တက်ခွင့်ရသဖြင့် ၁၉၃၀- ခုနှစ်တွင် နဝမတန်းစာမေးပွဲကြီးကို ဖြေဆိုအောင်မြင်ခဲ့လေသည်။ နဝမတန်းအောင်မြင်ပြီးနောက် ၁၉၃၇ -ခုနှစ်တွင် ပီနန်(Malasia) မလေးရှား အာရှတိုက်ရဟန်းဖြစ်တက္ကသိုလ်တွင် ထပ်မံတက်ခွင့်ရရှိသဖြင့် (၂)နှစ်နေခဲ့ပြီး ရဟန်းသိက္ခာငယ်ရအံ့ဆဲဆဲတွင် မိဘလက်မထပ်ခြင်းကို အကြောင်းပြကာ ရဟန်းသိက္ခာမပေးဘဲ ချန်လှပ်ထားခဲ့ပါသည်။

ဘရာသာရ်ကြီးပါစကားသည် မြန်မာပြည်သို့ ပြန်မလာခင် ပီနန်ကျောင်းထိုင် ဘုန်းတော်ကြီး Fr. ရိုအန် (Roan) က ဘွမ်ဘေမြို့ (Bombay)တွင် ဘရာသာရ်ဖြစ်ရန် အကြံပြုနေစဉ် မြန်မာပြည်မှ ဆရာတော်ပရိုဗို့စ် (Provost) က မြန်မာပြည်တွင်လည်း ဘရာသာရ်ဂိုဏ်းတည်ထောင်ရန် ရည်ရွယ်ချက်ရှိသဖြင့် ဘရာသာရ်ကြီးပါစကားကို ပြန်လာရန် စာရေးအကြောင်းကြားခဲ့ပါသည်။ ၁၉၃၉-ခုနှစ်တွင် ပြန်လာကာ ကိုရင်ဘဝဖြင့် မြောင်းမြမြို့တွင် တစ်နှစ်နေထိုင်ခဲ့ရပြန်ပါသည်။ ၁၉၄၁-ခုနှစ် ဒီဇင်ဘာလတွင် ဘရာသာရ်ဂိုဏ်းကို တည်ထောင်ရန် ဘရာသာရ်ကြီးပါစကားသည် မြောင်းမြမှ မော်လမြိုင်သို့ စတင်ထွက်ခွါခဲ့လေသည်။

၁၉၄၂-ခုနှစ်၊ ဇန်ဇဝါရီလ (၁) ရက်နေ့တွင် ဘရာသာရ်ဂိုဏ်းကို (Bishop Fredrick Provost) ဆရာတော်ကြီး ဖရက်ဒရစ်ပရိုဗို့စ်သည် ဘရာသာရ်ပါစကားအားဖြင့် ဘရာသာရ်ဂိုဏ်းကို စတင်တည်ထောင်လိုက်လေသည်။ ဘရာသာရ်ဂိုဏ်းကို မှိုင်းမကြည့်ရှုစောင့်ရှောက်စေရန်အတွက် ဆရာတော်ကြီးသည်

ရဟန်္တာစိန်ဖရန်စစ်ဖေးဗီးယားကို ရွေးချယ်အပ်နှံလိုက်ပါသည်။ ထိုနေ့မှစ၍ ဘရာသာရ်ဂိုဏ်းကို သံဖရန်စစ်ဖေးဗီးယား ဘရာသာရ်ဂိုဏ်းဟူ၍ စတင်ခေါ်တွင်စေခဲ့လေသည်။ ဆရာတော်ကြီးသည် ၎င်းဘရာသာရ်ဂိုဏ်းကို ဆက်လက်ကြည့်ရှုလမ်းညွှန်ပေးရန် ဘုန်းတော်ကြီးဗစ်တာဘားဇင်း (နောင်တွင် ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး) အား တာဝန်ပေးလိုက်ပါသည်။

၁၉၄၂-ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ဘုန်းတော်ကြီးဘားဇင်းနှင့် ဘရာသာရ်ကြီးသည် မော်လမြိုင်မှ ရောဝတီတိုင်း ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာကလေးသို့ တိမ်းရှောင်ထွက်ပြေးခဲ့ရလေသည်။ ထိုအချိန် ဓမ္မိကျောင်းထိုင်ဘုန်းတော်ကြီးမှာ (Fr. Debromin) ဒီဘရိုးမင်း ဖြစ်ပါသည်။

ဘရာသာရ်ကြီးပါစကားသည် ၁၉၄၂-ခုနှစ် ဇွန်လ(၁၂)ရက်နေ့ ရွှေနှလုံးတော်ပွဲနေ့တွင် ဝတ်ရုံဖြူသင်္ကန်းကို ခံယူရရှိကာ ဘရာသာရ်ပါစကားဟူသော ဘွဲ့နာမည်ကို ရရှိပြီး ၁၉၄၃-ခုနှစ် ဇွန်လ(၁၃)ရက်နေ့၊ မယ်တော်၏သန့်ရှင်းသော နှလုံးတော်ပွဲနေ့တွင် သုံးပါးသစ္စာရင် ဘရာသာရ်တစ်ပါးအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပြီဖြစ်သည်။

ဓမ္မိတွင် (၃)နှစ်တာ နေခဲ့ရပြီးသည့်နောက်ပိုင်း သူတို့သည် မော်လမြိုင်သို့ မပြန်ကြရတော့ဘဲ ၁၉၄၅-ခုနှစ်၊ ဩဂုတ်လတွင် ပုသိမ် မရမ်းချောင်းရွာသို့ တဖန်ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြန်ပါသည်။ ထိုအချိန်မှစ၍ ယနေ့ထိတိုင်ပင်ဖြစ်ပါသည်။ ထိုအချိန်အခါက ပုသိမ်သာသနာဟူ၍ သီးခြားမသတ်မှတ်သေးသဖြင့် ရန်ကုန်ဌာနချုပ်မှ ဆရာတော်ကြီးပရိုဗိုစ်သည်သာ ဂိုဏ်း၏အကြီးအကဲပင်ဖြစ်သည်။

ဘရာသာရ်ကြီးသည် ဘရာသာရ်ဖြစ်ပြီး (၅)နှစ်တာတွင် တစ်ပါးတည်းသာဖြစ်ခဲ့ရပြီး ၁၉၄၉-ခုနှစ်ရောက်မှသာလျှင် ဘရာသာရ်ဖြစ်လိုသူ လုလင်ပျိုအချို့ ရောက်ရှိလာသည်။ ဘရာသာရ်ကြီးသည် (၂၄)နှစ်တိုင်တိုင် အလောင်းဆရာတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးအခြေအနေ ချွတ်ယွင်းလာသဖြင့် ၁၉၈၈-ခုနှစ်၊ ဖေဖော်ဝါရီ (၁၅) ရက်နေ့၊ ဂိုဏ်းဥက္ကဋ္ဌတာဝန်မှ အနားယူခဲ့ရပြီးနောက် ၁၉၉၁-ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်၊ အသက်(၇၇) နှစ်၊ ဝါတော်(၄၈)ဝါတွင် ပုသိမ်မရမ်းမြေ၌ ပျံလွန်တော်မူခဲ့လေသည်။

ဘရာသာရ်ကြီး စေလွှတ်ခြင်းခံရသောနေရာဒေသများမှာ ပုသိမ်၊ မရမ်းချောင်း၊ ဗဟိုကျောင်း မရမ်းချောင်း၊ မြောင်းမြဓမ္မဆရာဖြစ်သင်တန်းကျောင်း၊ ပုသိမ်မြို့၊ ကနစိုးကုန်း-ဝင်လိုသူကျောင်း အစရှိသည်တို့ဖြစ်ပါသည်။ ဘရာသာရ်ကြီးပါစကားသည် ရိုးသားဖြောင့်မတ်ခြင်း၊ နှိမ့်ချခြင်းရှိပြီး ဘုရားတရားအလွန်ကိုင်းရှိုင်းသူ ဖြစ်ပါသည်။ အမိမယ်တော်ကိုလည်း အထူးသဒ္ဒါကြည်ညိုခြင်းရှိသဖြင့် နေ့စဉ်နှင့်အမျှ စိပ်ပုတီးအကုံးပေါင်းများစွာ စိပ်လေ့ရှိသည်။ မယ်တော်ကို လူအများသဒ္ဒါကြည်ညိုခြင်းရှိစေရန် ဩဝါဒပေးတိုင်း မယ်တော်အကြောင်း ပြောပြလေ့ရှိသည်။ ကလေးသူငယ်များကိုလည်း အလွန်ချစ်ခင်ခြင်းရှိသည်။ သူတို့နှင့်အတူ ပုတီးစိပ်သည်။ စိပ်ပုတီးကို ဘာသာသူအများ စိပ်နိုင်စေအလို့ငှါ ကိုယ်တိုင်အကုန်ကျခံပြီး ပုတီးကုံးများပြုလုပ်ကာ အခမဲ့ပေးဝေလေ့ရှိသည်။

#ဘရာသာရ်ကြီးပါစကား၏အတ္ထုပ္ပတ္တိအကျဉ်း

၂၃-၁၁-၁၉၁၄ - ခုနှစ် - မြောင်းမြမြို့- တုံးလုံ့ရွာတွင်မွေးဖွားခဲ့သည်။
ငယ်နာမည်မှာ (မောင်ညွှန့်-ဒွန့်ဘာ)
မိဘအမည် (ဦးအာရီထွန်းနှင့် ဒေါ်လူစီယား)
၂၄ - ၂ - ၁၉၃၀ခုနှစ် - ဆေးကြောခြင်းခံသည်။
၂၆ - ၂ - ၁၉၃၀ခုနှစ် - ခရစ္စမတ်အားပေးခြင်းခံသည်။
၁၉၂၀ ခုနှစ် - အခြေခံမူလတန်းအောင်မြင်သည်။ (မြောင်းမြခရစ်ယာန်နှစ်ခြင်းဘော်ဒါကျောင်း)
၁၉၂၈ ခုနှစ် - သတ္တမတန်းအောင်မြင်သည်။ (မြောင်းမြအာရ်စီအမ်ဘော်ဒါကျောင်း)
၁၉၃၀ ခုနှစ် - နဝမတန်းအောင်မြင်သည်။ (မော်လမြိုင်အကြိုရဟန်းဖြစ်သင်ကျောင်း)
၁၉၃၇ ခုနှစ် - ပီနန်-မလေးရှား (အာရှတိုက်ရဟန်းဖြစ်တက္ကသိုလ်သို့တက်ရောက်သည်။)
၁၉၃၉ ခုနှစ် - ရဟန်းဖြစ်ခွင့်မရ၍ ပီနန်မှပြန်လာသည်။
၁-၁-၁၉၄၂ ခုနှစ်- စိန်ဖရန်စစ်ဇေးဗီးယား ဘရာသာရ်ဂိုဏ်းကို မော်လမြိုင်မြို့၌ စတင်တည်ထောင်ခြင်း၌
ပါဝင်ခဲ့သည်။
၁၂-၆ - ၁၉၄၂ခုနှစ် - ဘရာသာရ်လောင်းအဖြစ်ခံယူသည်။
၁၃-၆ - ၁၉၄၃ခုနှစ် - ပထမကတိသစ္စာသုံးပါးကိုပြုသည်။
၁၄-၆ - ၁၉၅၈ ခုနှစ် - ထာဝရသစ္စာပြုသည်။
(သာသနာ့တာဝန်ထမ်းဆောင်ခဲ့သော နေရာဒေသနှင့် ခုနှစ်သက္ကရာဇ်)
၁၉၄၅ - ၄၈ ခုနှစ် - မရမ်းချောင်း (အလောင်းဆရာ)
၁၉၄၈ - ၄၉ ခုနှစ် - မရမ်းချောင်း (ဗဟိုကျောင်း)
၁၉၄၉ - ၅၉ ခုနှစ် - မရမ်းချောင်း (အလောင်းဆရာ)
၁၉၅၉ - ၆၁ ခုနှစ် - မြောင်းမြ (ဓမ္မဆရာသင်တန်းကျောင်း)
၁၉၆၁ - ၆၂ - မရမ်းချောင်း (အလောင်းဆရာ)
၁၉၆၂ - ၆၅ - မရမ်းချောင်း (အလောင်းဆရာနှင့် ဂိုဏ်းဥက္ကဋ္ဌ)
၁၉၆၅ - ၆၉ - မြောင်းမြ (ယောကျာ်းလေးဘော်ဒါကျောင်း)
၁၉၆၉ - ၇၆ - မရမ်းချောင်း (အလောင်းဆရာ)
၁၉၇၆ - ၈၀ ခုနှစ် - ပုသိမ်မြို့ (နယ်လှည့်အကြီးအကဲ)
၁၉၈၀ - ၈၄ ခုနှစ် - ကနစိုးကုန်း ဝင်လိုသူကျောင်းကြည့်ရှုနှင့် ဂိုဏ်းဥက္ကဋ္ဌ
၁၉၈၄ - ၈၈ ခုနှစ် - မရမ်းချောင်း ဂိုဏ်းဥက္ကဋ္ဌ
၁၉၈၈ ခုနှစ် - ဂိုဏ်းဥက္ကဋ္ဌရာထူးမှ အနားယူသည်။
၁၉၉၁ ခုနှစ် - ဝါတော်(၄၈) ဝါ၊ သက်တော် (၇၇) တွင် ပုသိမ် မရမ်းချောင်းကျောင်းတိုက်တွင် ဘုရားရှင်
ပြန်လည်ခေါ်ဆောင်တော်မူခဲ့သည်။